# သာမန်ကာလ (၁၇)ကြိမ်မြောက်တနင်္ဂနွေနေ့

ရှင်ယောဟန် ၆း၁-၁၅

ယနေ့ ဖတ်ရတဲ့ ရှင်ယောဟန် အခန်းကြီး ၆ မှာ ယေရှုဘုရားရှင်က မုန့် ၅ လုံးနှင့် ငါး နှစ်ကောင်ကို သူ့တန်ခိုးတော်နဲ့ ပွါးများစေပြီး လူ (၅၀၀၀) ကျော်ကို ကျွေးမွေးတော်မူတဲ့အကြောင်း သိရပါတယ်။ ယေရှုဘုရားရှင်ဆီကို လာနေကြတဲ့လူအုပ်ကြီးကို ကြည့်ပြီး ယေရှုဘုရားရှင်က တပည့်တော်ကြီး ဖိလစ်ကို မေးတော်မူပါတယ် "ဤသူတို့ စားသုံးရန် မုန့်ကို ငါတို့ မည်ကဲ့သို့ ဝယ်နိုင်မည်နည်း" တဲ့ ။ ယေရှုဘုရားရှင်က သူကိုယ်တိုင် တန်ခိုးတော်နဲ့ မုန့်ကို ပွါးများစေမယ်ဆိုတာ သိရဲ့သားနဲ့ တပည့်တော်ကြီးဖိလစ်ကို စုံစမ်းတဲ့သဘောနဲ့ မေးကြည့်တာပါ။ ဒီအခါ ဖိလစ်ကလည်း လူတိုင်းတစ်ယောက်လျှင် ပေါင်မုန့်တစ်ဖဲ့စီရနိုင်ရန် ဒေနာရီနှစ်ရာဖိုး ဝယ်ရင်တောင် လုံလောက်မှာ မဟုတ်ပါဘူး လို့ ဖြေလိုက်ပါတယ်။ ဖိလစ်လည်း လူတစ်ယောက်အနေနဲ့ အဲ့ဒီလို တွက်ချက်ပြီး စဉ်းစားမှာပေါ့။ ဒါဟာ လူတွေရဲ့ အဖြေရှာနည်းပါပဲ။

ဝယ်နိုင်ဖို့ ငွေရေးကြေးရေး အရင်းအမြစ်က အရေးကြီးဆုံး မဟုတ်ပါဘူး။ ဘုရားသခင်ရဲ့ ကျေးဇူး တန်ခိုးတော်ကသာ အရေးကြီးဆုံးပါပဲဆိုတာ ယေရှုဘုရားရှင်က သင်ပေးလိုက်ပါပြီ။ တပည့်တော်ကြီး နောက်တစ်ပါး အန်ဒြူးကလည်း "မုန့် (၅)လုံးနဲ့ ငါး (၂)ကောင် ရှိတဲ့ကလေးတစ်ယောက် ဒီမှာ ။ ဒါပေမဲ့ ဒီလူအုပ်ကြီး စားဖို့အတွက်တော့ မပြောပလောက်ပါဘူး။ မစဉ်းစားနဲ့ မေ့လိုက်ပါတော့" အဲ့ဒီလို ဘာမျှမတတ်နိုင် ၊ မလုံမလောက် အခြေအနေမျိုးမှာ ကိုယ့်ဘက်က မပြောပလောက်အောင် ဖြစ်နေပေမဲ့ အဲ့ဒီ မပြောပလောက်/ မဖြစ်စလောက် အနည်းငယ်လေးကိုလည်း အသုံးချပါ။ ကိုယ့်ရှိတဲ့ အနည်းငယ် အရည်အချင်းလေးကိုလည်း အားမငယ်ပါနဲ့။ ဘုရားသခင့်လက်တော်ထဲကိုသာ ထည့်လိုက်ပါ။ ဘုရားရဲ့ တန်ခိုးတော် (ကျေးဇူးတော်)က သင့်ရဲ့ မပြောပလောက်တဲ့ပါဝင်ဆက်ကပ်မှုကို ကြီးမြတ်တဲ့အမှု ဖြစ်လာစေမယ်။ အပိုအလျှံ ဖြစ်သွားစေမယ်။

ဒီကလေးလေးကတောင် စားစရာမုန့် ဒီလောက်ပါလာတာ တပည့်တော်ကြီးတွေဆို ပိုပြီး ပါလာမှာပါ။ ဒါပေမဲ့ ဒီလူအုပ်ကြီးအတွက်တော့ မလောက်မည့်အတူတူ ထည့်ပြောမနေတော့ပါဘူး။ ဒါပေမဲ့ ကလေးလေးလို နည်းနည်းရှိလည်း နည်းနည်း ပေးသာပေးလိုက်ပါ။ မလုံလောက်တဲ့ကိစ္စကို ဘုရားနဲ့ပေါင်းပြီး ရှင်းလိုက်ပါ။ သင့်အခက်အခဲ ဒုက္ခကို ဘုရားနဲ့ပေါင်း ဘုရားလို ခံယူပြီး ဖြေရှင်းပါ။ ပြေလည်လာပါလိမ့်မယ်။ ခံယူတတ်လာပါလိမ့်မယ်။ ခံထမ်းနိုင်လာပါလိမ့်မယ်။ ကလေးလေးလို မရှိ ရှိတာသာပေးပါ၊ ပိုလျှံလာလိမ့်မယ်။ အဲ့သလိုမဟုတ်ပဲ ဘာမျှမပေးရင်/ ဘာမျှကိုယ့်ဘက်က မလုပ်ရင် ဘုရားကလည်း ဘာမျှလုပ်ပေးမှာ မဟုတ်ပါဘူး။ ကလေးလေးရဲ့ အနည်းငယ်လေး ပေးဆပ်မှုက ဧဝံဂေလိကျမ်းစာထဲမှာ ဘုရားသခင်ရဲ့ ကြီးမြတ်တဲ့တန်ခိုးအဖြစ် ရေးသားမှတ်တမ်းတင်ရပါတော့တယ်။ မမေ့တော့ဘူး။

အသက်ကြီးတာ ငယ်တာက ဘုရားအတွက် တန်ခိုးလုပ်ပေးရာမှာ အဟန့်အတား မဟုတ်ပါဘူး။ ဘုရားက ပိုလျှံအောင်ပေးမယ်၊ သင်ကသာ အချိန်ပေးပါ၊ မဖြစ်စလောက် အရည်အချင်းလေးပဲရှိရှိ ပေးဆပ်ပါ။ သင့်အတွက် ဘုရားက ကျေးဇူးလုပ်ပေးနိုင်ဖို့ သင်က ဘုရားကို

အခွင့်အလမ်း ဖွင့်ပေးပါ။ ဘုရားတရားအတွက်ဆို အမြဲတမ်း ဖွင့်ဟကြိုဆိုနေပါ။ ဘုရားသခင်က သင့်အတွက် ကြီးမြတ်တဲ့အရာကို ပြုတော်မူပါလိမ့်မယ်။

လူ့လောကအသက်တာမှာလည်း လူ့အသိုင်းအဝိုင်း လူ့အဖွဲ့အစည်းနဲ့ နေကြရပါတယ်။ ဒီအခါမှာ အခုလို စားစရာဝေမျှ အတူစားကြတာကို ဘုရားက အလိုတော်ရှိပါတယ်။ ဒီလို တစ်လုံးတစ်ဝတည်း ရှိကြဖို့ ကျနော်တို့ကို ဘုရားက ခေါ်တော်မူထားတာပါ။ ယနေ့ ဒုတိယဖတ်ရတဲ့ ဧဖက်ဆုဩဝါဒစာမှာ "သင်တို့သည် မိမိတို့ခံယူရရှိသော ခေါ်တော်မူခြင်းနှင့် ထိုက်တန်သည့်ဘဝအသက်တာကို လိုက်နာကျင့်ကြပါ" လို့ ရှင်ပေါလူးက ဆုံးမထားပါတယ်။ ဘုရားက ရွေးချယ်ထားလို့ ဘာသာသူဖြစ်လာကြတဲ့ကျနော်တို့ကို လောကလူတွေက စောင့်ကြည့်နေကြပါတယ်။ ကျနော်တို့ ကျင့်ကြံပြုမူ ပြောဆိုပုံတွေက ခရစ်တော်နဲ့ တူသလား လို့ ။ ခရစ်တော်ရဲ့နောက်လိုက်တွေ ဆိုတော့ ။ ဒါဆိုရင် ဘယ်လိုကျင့်ကြံရမလဲဆိုတာ ရှင်ပေါလူး ဆက်ရေးထားတာက "ထိုသို့ ကျင့်ကြံရာတွင် စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်သည်းခံခြင်းနှင့် တစ်ဦးကိုတစ်ဦး ချစ်ခြင်းမေတ္တာဖြင့် အနစ်နာခံခြင်း စသည်တို့ကို တတ်အားသရွေ့ ပြုမူကျင့်ကြံကြလော" ။

ကျနော်တို့ ခရစ်ယာန် ဖြစ်လာကြတဲ့အခါ အချင်းချင်း ကွဲပြားနေရင် အဓိပ္ပါယ်မရှိတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့အားလုံးက သခင်တစ်ပါးတည်းအောက်မှာ တစ်ခုတည်းသော ယုံကြည်ခြင်းနဲ့ ကောင်းကင်ဘုံပန်းတိုင်ကို မျှော်လင့်နေကြတဲ့သူတွေ ချည်းပါပဲ။ ဒါကြောင့် အဘဘုရားသခင်ရဲ့ မိသားစုကြီးထဲက သားသမီးတွေပီပီ ညီအစ်ကိုမောင်နှမသားချင်းတွေ တစ်စိတ်တစ်သဘောတည်းရှိကြပါစို့ ။ လက်တွေ့ဘဝတွေမှာ အစားအစာမရှိသူကို ဝေမျှပေးကမ်း အတူတကွ စားသောက်ခြင်းဖြင့် ဘုရားသခင်ရဲ့သားသမီး၊ ခရစ်တော်ရဲ့နောက်လိုက်ဆိုတာ လောကသားတွေကို သက်သေခံကြပါစို့။ နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။